## သတင်းထုတ်ပြန်ကြေငြာချက်

## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)

**၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၅) ရက်**

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့၏ (၉) ကြိမ်မြောက် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအချောသတ် ရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဗဟိုဌာန ရန်ကုန်မြို့၌ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၆) ရက် မွန်းလွဲ (၁) နာရီတွင် စတင်ကျင်းပသွားမည်။

SD အနေဖြင့် ယခုအကြိမ်အစည်းအဝေးတွင် နိုင်ငံတဝှမ်းဖြစ်ပွားနေသောတိုက်ပွဲများကို အမှန်တကယ် ရပ်စဲနိုင်ရေးနှင့် ငြိမ်းချမ်းရေးလမ်းပြမြေပုံအဆင့်ဆင့်ကို ဆက်လုပ်သွားနိုင်ရန် ရည်မှန်းသည်။

အားလုံးပါဝင်သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ဖြစ်ရေး အချက် အပါအဝင် ကျန်ရှိနေသေးသည့် စာချုပ်မူကြမ်းပါအချက်များကို ပြင်ဆင်ညှိနှိုင်းဆွေးနွေးကြ မည်ဖြစ်သည်။

အထက်ပါကိစ္စရပ်များနှင့် ပါတ်သက်၍ စာနယ်ဇင်း သတင်းဌာနများနှင့်ပြည်သူများ၏ မေးခွန်း များကို ပြောရေးဆိုခွင့်ရှိသူများ ပြန်လည်ဖြေကြားမည်ဖြစ်သည်။


**ဆက်သွယ်ရန် -**

(၁) ပူးဇင်ကျုံး - ၀၉၇ ၈၈၀ ၉၂၂၃၂
(၂) စောကွယ်ထူးဝင်း - ၀၉၄ ၂၂၁၉ ၁၉၄၁
(၃) နိုင်ဟံသာ - ၀၉၂ ၅၀၈၅ ၁၈၈၀

**သတင်းနှင့်ပြန်ကြားရေးအဖွဲ့**

အီးမေးလ်- sd.media.eaos@gmail.com
ဖုန်း ၀၉၂ ၆၄၀၉ ၇၂၁၉